# ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့ (23-5-2012) (၇၁၂၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

# အာဆီယံနိုင်ငံရဲချုပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရဲအဖွဲ့အကြီးအကဲများအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များအစည်းအဝေးသို့ တက်ရောက်လာသော အာဆီယံနိုင်ငံရဲချုပ်များနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ရဲအဖွဲ့အကြီးအကဲများ၊ Interpol ရဲအဖွဲ့အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်အဖွဲ့များအား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



# ပြီးခဲ့သည့်ကြားဖြတ်ရွေးကောက်ပွဲအပေါ် ပြန်လည်သုံးသပ်ကာ နောင်လာမည့်ရွေးကောက်ပွဲများ ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်မည်

## နိုင်ငံရေးပါတီများကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်ရန်လို

နေပြည်တော် မေ ၂၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံကာ ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ပြည်တွင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၂၃-၅-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

# 'အမျိုးသား' နှင့် 'အမျိုးသမီး'

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းစာလျှင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေပါသေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ယခင်က တိုးတက်မှုနှေးကွေးသော်လည်း ယခုအခါ တဖြည်းဖြည်းတိုးတက်လာသည်။ ထို့ကြောင့် လူ့သက်တမ်းမှာ ယခင်က အမျိုးသားများမှာ အသက် (၅၅) နှစ်၊ အမျိုးသမီးများမှာ အသက် (၆၅) နှစ် ရှိခဲ့ရာမှ ယခုအခါ အမျိုးသားများမှာ (၆၅) နှစ်၊ အမျိုးသမီးများမှာ (၆၈)နှစ် အထိရှိလာသည်ဟု သိရှိရသည်။

အမျိုးသားများမှာ ၁၀ နှစ်သက်တမ်းတိုးလာပြီး အမျိုးသမီးများမှာ သုံးနှစ်သက်တမ်းသာ တိုးလာသည်ကို တွေ့ရ၏။ အမျိုးသားများသည် သက်တမ်းပိုရှည်လာပြီး အမျိုးသမီးများသည် အဘယ်ကြောင့် အမျိုးသားများလောက် သက်တမ်းမရှည်တော့ပါသနည်း။ ယေဘုယျအားဖြင့် ရှုမြင်သုံးသပ်ကြည့်ရာတွင် ယခင်က မိမိပတ်ဝန်းကျင်ရှိ မိသားစုများ၌ အိမ်ထောင်ရှင် အမျိုးသားနှင့်အမျိုးသမီးအနက် အမျိုးသားအများစုသာ အရင်ကွယ်လွန်တတ်ပြီး အမျိုးသမီးများမှာ အသက်ရှည်ကျန်ရစ်သည်ကို တွေ့ရတတ်၏။

ထိုစဉ်က အမျိုးသမီးများမှာ လူမှုကျင့်ဝတ်နှင့်အညီ ရိုးရာမပျက် နေထိုင်ပြုမူစားသောက်မှုပုံစံဖြင့် နေခဲ့ကြ၏။ မိသားစုကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အနေအထားတစ်မျိုးတည်းဖြင့်သာ ကျင်လည်ခဲ့ရ၏။ အမျိုးသမီးတို့သည် သွေးသားနှင့်ဆိုင်သော ရောဂါထူပြောလေ့ရှိသဖြင့် မိသားစုနှင့်အတူ မိမိကိုယ်ကို စောင့်ရှောက်ရင်းဖြင့် နေထိုင်ခဲ့ကြ၏။ အမျိုးသားများမှာ မိသားစုဝမ်းရေးအတွက် ရုန်းကန်လှုပ်ရှားရင်း အချိန်ကုန်လွန်ကာ မိမိကိုယ်ကို မစောင့်ရှောက်နိုင်ဘဲ စောစီးစွာကြွေလွင့်ခဲ့ကြရ၏။

ယခုအခါ ထိုအချိုးအစားမှာ ပြောင်းလဲသွားခဲ့သည်။ အမျိုးသမီးများမှာ အမျိုးသားများနှင့် တန်းတူရပ်တည်လာခဲ့ကြသည်။ မူလကတည်းက အမျိုးသားများထက် ရောဂါထူပြော ကိုယ်ခံအားနည်းသော အမျိုးသမီးများသည် အိမ်မှုတာဝန်အပြင် ဦးစီးတာဝန်ကိုပါယူကြရာ မိမိကိုယ်ကိုစောင့်ရှောက်မှု နည်းပါးလာကြသည်။

သေဆုံးခြင်းဆိုသည်မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့်ဆိုင်သည်ဟု တိုင်းရင်းဆေးကဆိုသည်။ အနေအထိုင်၊ အပြုအမူ၊ အစားအသောက်ဟုလည်း အာယုဗ္ဗေဒ ဆေးပညာကလည်းဆိုသည်။ အနောက်တိုင်းဆေးပညာအရမူ ကမ္ဘာပေါ်တွင် နှစ်စဉ် မိခင် ငါးသိန်းခန့် ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမီးဖွားခြင်း နောက်ဆက်တွဲပြဿနာကြောင့် ကြွေလွင့်ရသည်ဟုဆိုသည်။ မိနစ်တိုင်းတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းကိစ္စကြောင့် တစ်ဦးနှုန်း ကြွေလွင့်ကြသည်ဟု ပြောသည်။

မည်သည့်အနေအထား၊ မည်သည့်ပုံစံ၊ မည်သည့်အဆင့်အတန်းတို့ ရှိသည်ဖြစ်စေ အမျိုးသမီးများဘဝမှာ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် မိမိကိုယ်ကိုစောင့်ရှောက်မှုအားနည်းခြင်း၊ အားသာခြင်းတို့သည် တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းတို့ကို ဖြစ်စေသည်ဟု သုံးသပ်မိ၏။

ထို့အပြင် ဂလိုဘယ်လိုက်ဇေးရှင်း၏ နောက်ဆက်တွဲဖြစ်စဉ်လည်း ရှိသည်။ လူနေမှုဓလေ့စရိုက် ဟန်ပန်အပြောင်းလဲကြီး ပြောင်းလဲခဲ့ရာတွင် အမျိုးသမီးများဘဝ လိုက်ဖ်စတိုင်လ်နှင့် နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးများရှိလာသည်။ ဂလိုဘယ်လိုက်ဇေးရှင်းသည် ကမ္ဘာပေါ်ရှိ အမျိုးသမီးများဘဝကို တစ်ပြေးညီ ပြုပြင်ပြောင်းလဲလိုက်သည်။ ဆန်းသစ်ထွေပြားမှုများလာလေ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးနည်းတိုင်းပြည်များတွင် အမျိုးသမီးများ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာလေဖြစ်သည်။

ထို့ကြောင့် အမျိုးသမီးများသက်တမ်းရှည်ရန်အတွက် ဂလိုဘယ်လိုက်ဇေးရှင်းအဟောင်းသို့ ပြန်ပြောင်းရမလိုဖြစ်၏။ ယင်းသို့မှ မပြောင်းလျှင် အမျိုးသမီးများသက်တမ်းသည် ပို၍တိုလာမည်ဖြစ်၏။ အပြောလွယ်သလောက် အလုပ်ခက်သော ခေတ်ရေစီးကြောင်းတွင် အမျိုးသမီးများ ကျန်းမာသက်ရှည်စေရေးအတွက် နေထိုင်မှုပုံစံများကိုလည်း ပြုပြင်ပြောင်းလဲသင့်ပါသည်။ မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ အမျိုးသမီးတစ်ယောက်ချင်းမှသည် အမျိုးသမီးတစ်စု၊ ထိုမှ အမျိုးသမီးအပေါင်းတို့ ဂရုပြု ပြုမူနေထိုင်မှုပြုကြမှသာလျှင် အမျိုးသားများထက် ၁၀ နှစ်ပို၍ သက်တမ်းရှည်လာမည်ဟု သုံးသပ်ရှုမြင်ပါသည်။ ။



ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ပူးပေါင်းအဖွဲ့၏ ရန်ကုန်တိုင်းဒေသကြီးခရီးစဉ် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီပူးပေါင်းအဖွဲ့၏ ရန်ကုန်တိုင်းဒေသကြီးခရီးစဉ် တွေ့ဆုံပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

**ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီပူးပေါင်းအဖွဲ့၏ ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။**

တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပါတီကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းအပိုင်း)ရှိ လမ်းအသုံးပြုခကောက်ခံသည့် Toll Gate များအား ဒုတိယဝန်ကြီး စစ်ဆေး

**နေပြည်တော် မေ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၁၄ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပင်မအလုပ်ရုံ (မြောက်)ရုံးခန်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယန္တရားကဏ္ဍမှာအရေးကြီးကြောင်း၊ ယန္တရားများ ကောင်းမွန်ရေး ပြုပြင်ခြင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ခေတ်နှင့်အညီ ဆန်းသစ်တီထွင်နေကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်၊ ယာဉ်၊ ယန္တရားများ စနစ်တကျ ကိုင်တွယ်အသုံးပြုရန်လိုကြောင်း၊ ဝန်ထမ်းများ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်းလုံးညီညွတ်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များ ကျေပွန်စွာ ကြိုးစားဆောင်ရွက်ရန် မှာကြားကာ အလုပ်ရုံဝင်းအတွင်းရှိ စက်၊ ယာဉ်၊ ယန္တရား ပြင်ဆင်ရေးဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယန္တရားတပ်ခွဲ(မြောက်) ရုံးခန်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းအသုံးပြုခ တောင်းခံရေးစခန်း Toll Gate များဖြစ်သော စကားအင်း တိုးဂိတ်၊ သီးကုန်း(မိတ္ထီလာ)တိုးဂိတ်များနှင့် မီနီ Toll Gate များဖြစ်သော သပြေငူ၊ ပြင်စည်၊ ကံကောင်း၊ သီးကုန်းဂိတ်များသို့ သွားရောက်ပြီး ဝန်ထမ်းအင်အား၊ ယာဉ်စီးရေ ဖြတ်သန်းမှု၊ ယာဉ်ဖြတ်သန်းကောက်ခံရရှိမှုတို့အား စစ်ဆေး၍ လမ်းအသုံးပြုခကောက်ခံရေးအတွက် သတ်မှတ်ထားသော ယာဉ်ကောက်ခံ နှုန်းထားများနှင့် အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားကာ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၇း၁၀ | တရားတော် | | **(အပိုင်း-၃၈)** |
| ၈း၁၅ | မြန်မာ့ရှုခင်း | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၄း၃၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း | | -ရယ်စရာပျော်စရာဟာသကမ္ဘာ |
| ၄း၄၀ | ရွှေဟောင်းသုတ | | -ဖူးစာအလွဲမင်္ဂလာပွဲ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | (ဥသာမင်း၊ ရီရီပွင့်ဖြူ ဝင်းနိုင်၊ |
| ၅း၂၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း | | ဧရာနှင့်သရုပ်ဆောင်များ) |
| | -အမေ့အပြုံး (အပိုင်း-၅) | | [ဒါရိုက်တာ-စိန်လင်း |
| ၆း၂၀ | Mail Box | | (ပုံရိပ်ရွှေမြေ)] |
| ၆း၃၅ | ကာတွန်းအစီအစဉ် | | -အိုင်စီတီသုတ |
| | -စူပါဟမ်းစတား | | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** |
| | (အပိုင်း-၅၂) (ဇာတ်သိမ်း) | | **"အရိုက်အရာ"(အပိုင်း-၁၅)** |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း** | | **-ကြယ်ကလေးတို့ရဲ့** |
| | **-ကွန်ဖူးဘုရင်ဘရုစ်လီ** | | **ဂီတမိုးကောင်းကင်** |

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၃၈. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၃၉၇၀ | ၀. ၀၃၁၈၅ |
| တရုတ် (ယွမ်) | ၆. ၃၁၆၇၉ | ၀. ၁၅၈၃၁ |
| အိန္ဒိယ (ရူပီး) | ၅၅. ၃၄၅၃ | ၀. ၀၁၈၀၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၂၀၀ | ၀. ၃၂၀၃၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၁၀၈ | ၀. ၇၈၆၇၄ |
| ဂျပန် (ယန်း) | ၇၉. ၈၇၅၆ | ၀. ၀၁၂၅၂ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၃. ၇၅ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၈၄၇၄ | ၁. ၂၇၄၃၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၄၁၂ | ၁. ၅၇၆၉၉ |

*အင်တာနက်။*

## မန္တလေးကုန်စည်ဈေးနှုန်း

(၂၂ - ၅ -၂၀၁၂)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၀၄၀၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၀၁၀၀၀ |
| ရွှေဒင်္ဂါး (ရွှေရည်မီ) | ၆၃၁၀၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၂၈၀၀၀/၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ဧရာမင်း(သစ်) | ၁၈၅၀၀/၁၉၀၀၀ |
| ငစိန်(သစ်) | ၁၃၅၀၀/၁၅၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၃၀၀/၄၀၀၀ |
| နှမ်းဆီ | ၂၉၀၀/၂၉၅၀ |
| ပန်းနှမ်းဆီ | ၂၇၀၀/၂၈၀၀ |
| နေကြာဆီ | ၂၆၀၀/၂၆၅၀ |
| စားအုန်းဆီ | ၁၉၇၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၆၀၀/၆၁၅ |
| ပွတ်သား | ၄၈၀/၅၁၀ |
| ခါရေ | ၂၄၀/၂၅၀ |
| ပေါင်းရေ | ၂၂၀/၂၃၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၆ ဒသမ ၈၀ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၃၇၀၀/၄၂၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၄၂၀၀/၄၁၀၀ |

(၀၀၂)

## ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘာ့စီးပွားရေးအခြေအနေဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် မေ ၂၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိတို့၏ ဖိတ်ကြားချက်အရ မေ ၁၈ ရက် နံနက် ၉ နာရီတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးအခြေအနေဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**

ထိုသို့ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အသိပေး ပြောကြားပြီး ယနေ့ရင်ဆိုင်နေရသည့် ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုများကို အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရင်ဆိုင်ဖြေရှင်းသွားကြရန် တိုက်တွန်းပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကုလသမဂ္ဂ အဆောက်အအုံ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းအား သွားရောက် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ ကူညီဆောင်ရွက်မည့် အစီ အစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် အမေရိကန်နိုင်ငံ၏ ထင်ရှားသော Think Tank အဖွဲ့အစည်းကြီးတစ်ခုဖြစ်သော Council on Foreign Relations - CFR ကကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကာ မြန်မာ နိုင်ငံ၏ ဒီမိုကရေစီစနစ် တိုးတက်ဖော်ဆောင်နေမှုများ၊ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးပမ်း ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လူမှု-စီးပွား တိုးတက်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဆွေးနွေးပွဲ တက်ရောက်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)



**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းတို့ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ တွေ့ဆုံကြစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ပရိတ်တရားတော် |
| ၈း၁၅ | ၂။ | "ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု" |
| ၈း၂၅ | ၃။ | အဆိုပြိုင်ပွဲ |
| ၈း၄၀ | ၄။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၁၀ | ၁။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၄း၂၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၃။ | "ဖွားချို" (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)] |
| ၄း၅၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (စီးပွားစီမံအထူးပြု) (စီးပွားစီမံ) |
| ၅း၂၀ | ၅။ | International Science News |
| ၅း၃၀ | ၆။ | ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ် |
| ၆း၀၀ | ၇။ | ညနေခင်းသတင်း |
| ၆း၃၅ | ၈။ | ရွှေရင်ခုန်သံ |
| ၇း၀၅ | ၉။ | "လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်" |
| ၇း၄၀ | ၁၀။ | အလက်ာဝတ်ရည် မြန်မာမှုတေးဂီတ ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၉) |
| ၈း၀၀ | ၁၁။ | ပြည်တွင်းသတင်း |
| | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅၇)** |
| | ၁၃။ | မြန်မာဗီဒီယိုဇာတ်လမ်း "နှင်းချယ်ရီမြိုင်" (နိုင်းနိုင်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-သားလွင်) |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီရော့ဒ်ဟမ်းကလင်တန်၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့သို့ မေ ၁၆ ရက်မှ ၁၇ ရက်အထိ သွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့် လည်းကောင်း၊ မေ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် အထက်လွှတ်တော်အမတ် မစ္စတာ မစ်ချ်မက်ကောနယ်လ်နှင့် လည်းကောင်း၊ နံနက် ၁၁ နာရီတွင် အမေရိကန် အထက် လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ အထက်လွှတ်တော် အမတ် မစ္စတာ ဂျင်ဝက်ဘ်နှင့်လည်းကောင်း၊ အမေရိကန် အထက်လွှတ်တော်ရှိ ၎င်းတို့၏ ရုံးခန်းများ၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် အမေရိကန် အထက် လွှတ်တော်အမတ်များက မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်များကို ထောက်ခံကြောင်း ထပ်လောင်းပြောကြား ကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ် များ၊ မြန်မာနိုင်ငံအပေါ် အမေရိကန် နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများ အမြန်ဆုံး ရုပ်သိမ်းပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ပြည်ထောင်စု ဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖြစ်ပေါ် တိုးတက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နေ မှုများကို ပြန်လည်ရှင်းလင်းပြောကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ဗျူရို လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကဒ်ကမ်းဘဲလ်က မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနရှိ Webster အခန်း၌ နေ့လယ်စာ ဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သည် မွန်းလွဲ ၂ နာရီတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ နိုင်ငံခြားရေး ဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မစ္စစ်ကလင်တန်က မြန်မာနိုင်ငံ၏ ပြုပြင် ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုများ ကို ဆက်လက်အားပေးထောက်ခံသွား မည်ဖြစ်ကြောင်း၊ နှစ်ပေါင်း(၂၀)ကျော် အဆက်ပြတ်သွားသော မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးနေရာတွင် သံအမတ်ကြီး ခန့်အပ်ရေးအတွက် ဆုံးဖြတ်ထားကြောင်းနှင့် မြန်မာနိုင်ငံတွင် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရေးအတွက် မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ ကုန်သွယ် ရေးနှင့် ငွေကြေးဆိုင်ရာ ကန့်သတ်မှုများ ကို ရုပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အသိပေး ဆွေးနွေးပြောကြားသည်။ ပြည်ထောင်စု ဝန်ကြီးကလည်း မြန်မာနိုင်ငံ၏ ဒီမို ကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်း ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုများကို ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ် ခဲ့ပြီး သတင်းထောက်များ၏ မေးမြန်း ချက်များကို ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ညနေ ၃ နာရီ ၁၅ မိနစ်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝီလျံဘန်းနှင့်လည်း တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စ များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု(၂၀၁၂)ခုနှစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး၏ အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော် ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးအား ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသားများ၏ လက်တွေ့လူမှုဘဝ ပြည့်စုံကုံလုံစေရေး တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက် လျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသား ကျန်းမာရေးစီမံကိန်းများ ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန် တွင် သန့်ရှင်းရေးနှင့် ပတ်သက်သည့် Health Sanitation for All ဆောင်ပုဒ်သတ်မှတ်ပြီး ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲရေးမူဝါဒကို ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တွင် အဓိက လုပ်ငန်းတစ်ရပ်အနေဖြင့် သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း။

ယခုတွေ့ကြုံနေရသည့် ပတ်ဝန်းကျင် အခြေအနေများကြောင့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သက်ဆိုင် သည့် ကျန်းမာရေးဗဟုသုတများ ပြည်သူ လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့ရောက်ရှိစေရန် နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အမူ အကျင့်ကောင်းများကို ပြောင်းလဲကျင့်သုံး လာစေရန် သမားရိုးကျမဟုတ်သည့် အမှန်တကယ် အကျိုးသက်ရောက်မှုရှိ စေမည့် ကျန်းမာရေးပညာပေးလုပ်ငန်း များကို တိုးမြှင့်လုပ်ကိုင်ကြပြီး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ နှင့် လူမှုရေးအဖွဲ့အစည်းများက ပြည်သူ လူထုအား စည်းရုံးလှုံ့ဆော်ဆောင်ရွက်မှု များ ယခုထက် ပိုမိုမြှင့်တင်ဆောင်ရွက် ပေးကြရန်၊ သန့်(၄)သန့်နှင့် သက်ဆိုင် သည့် ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများကို စတင်လေ့ကျင့် ပြုစု ပျိုးထောင်ရေးအတွက် လက်ရှိ အခြေ အနေပြစာရင်း ကောက်ယူရေးမှအစပြု၍ သန့်(၄)သန့်ကို ပြည်သူလူထု သဘောပေါက် လက်ခံလာသည်အထိ ဆောင်ရွက်ကြရန်၊ ကျန်းမာရေး ဝန်ထမ်းများ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ သက်ဆိုင်ရာနီးနွယ် ဌာနများ၊ ကုလသမဂ္ဂ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများက ပြည်သူ လူထုအား ဟောပြောစည်းရုံးသွားကြရန်၊ ပြည်သူလူထုကလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လိုအပ် ကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတကာ အနုပညာရပ်ဝန်း

**အောဝမ်းစိုး**

# သရုပ်ဆောင်လောကသို့ ခြေဦးလှည့်တော့မည့် ဆွန်နာအန်

နာမည်ကျော် ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ A PINK မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆွန်နာအန် သည် အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ရုပ်သံဇာတ်လမ်းတွဲ တစ်ခုတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ် ကြောင်း အတည်ပြုလိုက်ပြီဖြစ်သည်။

A PINK တေးဂီတအဖွဲ့၏ အနုပညာရေးရာ အေဂျင်စီ A Cube ကုမ္ပဏီက ဆွန်နာအန်သည် Daepongsoo ဟု ပဏာမ အမည်ပေး ထားသည့် သမိုင်းနောက်ခံ ရုပ်သံ ဇာတ်လမ်းတွဲတွင် ပထမဆုံးအကြိမ် အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

မိမိတို့အနေဖြင့် အဆိုပါ ဇာတ်လမ်းတွဲ တွင် ဆွန်နာအန် ပါဝင်သရုပ်ဆောင်ရန် အတွက် လက်မှတ်မထိုးရသေးသော်လည်း ဆွန်နာအန်က ပါဝင်သရုပ်ဆောင်ရန် ဆုံးဖြတ်ထားပြီဖြစ်ကြောင်း ACube ကုမ္ပဏီ မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

A Cube ကုမ္ပဏီ၏ အဆိုအရ အဆိုပါ ဇာတ်လမ်းတွဲသည် ဂျိုဆွန်မင်းဆက်ကို တည်ထောင်ခဲ့သူ ပထမဆုံး ဘုရင် လီဆန်ကီ၏ လက်ထက်တွင် ဖြစ်ပွားခဲ့ သော သမိုင်းဝင်အဖြစ်အပျက်များကို အဓိကထား ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွန်နာအန်က ခေါင်းဆောင်မင်းသမီး ၏ ငယ်ဘဝကို သရုပ်ဆောင်ရမည်ဟု ဆို သည်။ ဆွန်နာအန်သည် ယခု လောလောဆယ် A PINK တေးဂီတ အဖွဲ့နှင့်အတူ UNE ANNEE တေး အယ်လ်ဘမ်ကို ထုတ်ဝေဖြန့်ချိထားသည်။

A PINK တေးဂီတအဖွဲ့သည် ၂၀၁၁ ခုနှစ်က Seven Springs of A PINK တေးသီချင်းဖြင့် ကိုရီးယားပေါ့ပ်ဂီတ လောကသို့ ရောက်ရှိလာသည့်အဖွဲ့ ဖြစ် သည်။ ***အင်တာနက်။***



***နာမည်ကျော် ကိုရီးယားအမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ A PINK မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဆွန်နာအန်။***

# ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

**"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**
**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"**

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝ နေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာ သော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာ ဖူလုံစွာစားသုံးနိုင်ရေးကို အထောက် အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့် ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ် ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီး ဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေ ပုဒ်မ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီအချိန်များတွင် ငါးရစ် ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဖိလစ်ပိုင်ရေပြင်ပိုင်နက်အနီး စစ်သင်္ဘောအုပ်စုတစ်စု တရုတ်နိုင်ငံ စေလွှတ်ထားဟုဆို

**မနီလာ မေ ၂၂**

အမေရိကန်ရေတပ်မှ နျူကလီးယားစွမ်းအင်သုံး ခေတ်မီ ရေငုပ်သင်္ဘောတစ်စင်း ဆူးဘစ်ပင်လယ်အော်အတွင်း ရောက်ရှိလာခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ ရေပြင်ပိုင်နက်အနီးသို့ တရုတ်နိုင်ငံက စစ်သင်္ဘောငါးစင်း စေလွှတ်ထားခဲ့ကြောင်း မေ ၂၀ ရက်သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံရေပြင်ပိုင်နက်အနီးသို့ တရုတ်နိုင်ငံက စေလွှတ်ခဲ့သော စစ်သင်္ဘောအုပ်စုတွင် ဖျက်သင်္ဘောနှစ်စင်း၊ ဖရီးဂိတ်စစ်သင်္ဘောနှစ်စင်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး ကမ်းထိုးရေယာဉ်တစ်စင်းတို့ ပါဝင်ကြောင်း တရုတ်(တိုင်ပေ)မှ ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများ ထုတ်ဝေသည့် သတင်းလွှာတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းစစ်သင်္ဘောအုပ်စုသည် ဖိလစ်ပိုင်ရေပြင်ပိုင်နက်အနီး ရေပြင်တစ်နေရာတွင် စစ်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

အမေရိကန်ရေတပ်မှ ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနားအမည်ရှိ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ ဆူးဘစ်ပင်လယ်အော်ရှိ အမေရိကန်ရေတပ် အခြေစိုက်စခန်းဟောင်း၌ ပြီးခဲ့သည့် သီတင်းပတ်က ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။

တရုတ်နှင့် ဖိလစ်ပိုင်အကြား စကားဘရော့ရှိုရယ်ကျွန်း ပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာ တင်းမာနေစဉ်ကာလအတွင်း ယူအက်စ်အက်စ်နော့သ်ကယ်ရိုလိုင်းနား ရေငုပ်သင်္ဘော ဖိလစ်ပိုင်နိုင်ငံရေပြင်အတွင်း ရောက်ရှိလာခြင်းဖြစ်သည်။

**အင်တာနက်။**

# ဥရောပ၏အကြီးဆုံး ဗုဒ္ဓကျောင်းတော် ပြင်သစ်နိုင်ငံ၌ တည်ဆောက်ပြီးစီး



**ပြင်သစ်နိုင်ငံ ပါရီမြို့အနီးရှိ တည်ဆောက်မှုလုပ်ငန်းများ အပြီးသတ်ခဲ့ပြီဖြစ်သည့် ဥရောပ၏ အကြီးဆုံး ဗုဒ္ဓကျောင်းတော်ကို တွေ့ရစဉ်။**

**ပါရီ မေ ၂၂**

ဉာဏ်တော် ၁၆ ပေနှင့် အလေးချိန် ရှစ်တန်ရှိသော ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူ ထည့်သွင်းပူဇော်ထားသည့် ဥရောပတိုက်၏ အကြီးမားဆုံးဗုဒ္ဓကျောင်းတော်တည်ဆောက်ရေး လုပ်ငန်းကို အပြီးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြင်သစ် နိုင်ငံတကာ အသံလွှင့်ဌာနက မေ ၂၁ ရက်တွင် ကြေညာခဲ့သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်အနီး ဘက်ဆီစိန့်ဂျော့စ်ဒေသတွင် တည်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ အကုန်အကျခံ တည်ဆောက်ထားသည့် အဆိုပါဗုဒ္ဓကျောင်းတော်နှင့် ယဉ်ကျေးမှုဗဟိုဌာနကို ဇွန် ၂၂ ရက်တွင် တရားဝင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပ၏ အကြီးဆုံး ဗုဒ္ဓကျောင်းတော်ကို ဖရက်ဒရစ်ရိုလန်းကုမ္ပဏီ ဗိသုကာကုမ္ပဏီက ပုံစံထုတ်ထားပြီး အခြားသော ဗုဒ္ဓဘာသာဘုရားကျောင်းကန်များနှင့် တည်ဆောက်မှုပုံစံချင်း ကွဲပြားကြောင်း သိရသည်။

ဖန်ထည်၊ သစ်ထည်နှင့် ကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံ၏ ဟင်းလင်းပြင်နေရာအများစုကို မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်ဖြူသားဖြင့် ထုဆစ်ထားသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြင့် ဖြည့်ဆည်းထားကြောင်း ဖရက်ဒရစ်ရိုလန်းဗိသုကာကုမ္ပဏီက ပြောကြားသည်။

ကျောက်ဖြူသားဗုဒ္ဓရုပ်ပွားတော်ကြီးကို မြန်မာနိုင်ငံ တောင်တစ်တောင်မှ တိုက်ရိုက်ထုဆစ်ကာ မာဆေးလ်ဆိပ်ကမ်းသို့ သယ်ယူခဲ့ခြင်းဖြစ်ပြီး အမိုးများမတပ်ဆင်မီ ကျောင်းတော်အတွင်းထည့်သွင်း နေရာချထားရေးအတွက် အထူးတည်ဆောက်ထားသော စက်ခါးပတ်များနှင့် ဝန်ချီစက်များ အသုံးပြုခဲ့ရကြောင်း သိရသည်။

**အင်တာနက်။**





# ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်း ပထမအဆင့်စတင်ရန် နေတိုးအဖွဲ့ သဘောတူ

**ချီကာဂို မေ ၂၂**

အမေရိကန်ပြည်ထောင်စုဦးဆောင်သော ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်းစီမံကိန်း၏ ပထမအဆင့် ကာကွယ်ရေးစနစ်ကိုစတင်ရန် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက မေ ၂၀ ရက်တွင် သဘောတူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြေထဲပင်လယ်ဒေသအတွင်းရှိ ဒုံးခွင်းဒုံးစနစ်များ တပ်ဆင်ထားသော အမေရိကန်စစ်သင်္ဘောတစ်စင်းနှင့် တူရကီနိုင်ငံအခြေစိုက် ရေဒါစနစ်တစ်ခုကို ဂျာမနီနိုင်ငံမှ နေတိုးတပ်ဖွဲ့ ကွပ်ကဲရေးဌာနချုပ် လက်အောက်သို့ လွှဲပြောင်းထားရှိရန် နေတိုးအဖွဲ့၏ ချီကာဂိုထိပ်သီးညီလာခံ၌ ဆုံးဖြတ်ခဲ့ကြောင်း နေတိုးအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်းစီမံချက် ပထမအဆင့်စတင်ခွင့် ပြုမည့် ချီကာဂိုထိပ်သီးညီလာခံဆုံးဖြတ်ချက်ကြောင့် ဒုံးကျည်ကာကွယ်ရေးစနစ်စီမံချက်အား ကန့်ကွက်ထားသော ရုရှားနိုင်ငံက တုံ့ပြန်လှုပ်ရှားမှုများ လုပ်ဆောင်လာဖွယ်ရာရှိသည်။

ဥရောပဒုံးကျည်ကာကွယ်ရေးတံတိုင်းသည် ရုရှားနိုင်ငံကို ရည်ရွယ်ခြင်းမဟုတ်ဘဲ အီရန်ကဲ့သို့ နိုင်ငံများက ပစ်ခတ်လာမည့် ဒုံးကျည်များအား ကြားဖြတ်ဖျက်ဆီးရေးအတွက်သာဖြစ်ကြောင်း နေတိုးအဖွဲ့က ပြောကြားထားသည်။

သို့ရာတွင် ဥရောပဒုံးကျည်ကာကွယ်ရေးစနစ်ကြောင့် ရုရှားနိုင်ငံ၏ နျူကလီးယားလက်နက်အဟန့်စနစ်စွမ်းဆောင်ရည် ပျက်ယွင်းမည့်အရေးကို ရုရှားအစိုးရက စိုးရိမ်ပူပန်လျက်ရှိသည်။ ဒုံးကျည်ကာကွယ်ရေးစနစ်အား ဆက်လက်အကောင် အထည်ဖော်မည်ဆိုပါက ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏နယ်စပ်၌ ဒုံးကျည်များ ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ခြိမ်းခြောက်ထားပြီးဖြစ်သည်။

**အင်တာနက်။**



**အမေရိကန်ပြည်ထောင်စု ဦးဆောင်သော ဥရောပ ဒုံးကျည်ကာကွယ်ရေး တံတိုင်းစီမံချက်တွင် အပါအဝင်ဖြစ်သည့် တူရကီအခြေစိုက် ဒုံးကျည်အန္တရာယ် ကြိုတင်သတိပေး ရေဒါစနစ်ကို တွေ့ရစဉ်။**

# မိခင်ကြယ်ဂြိုဟ်၏ အပူရှိန်ကြောင့် နှစ်သန်း ၁၀၀ အတွင်း ဂြိုဟ်တစ်စင်း ပျောက်ကွယ်နိုင်

**ကိန်းဘရစ် မေ ၂၂**

ကမ္ဘာမြေနှင့် အလင်းနှစ် ၁၅၀၀ အကွာတွင်တည်ရှိသော ဂြိုဟ်တစ်စင်းသည် ၎င်းဗဟိုပြုလှည့်ပတ်နေသည့် ကြယ်ဂြိုဟ်၏ အပူရှိန်ကြောင့် လောင်ကျွမ်းအငွေ့ပြန်ကာ ဒြပ်သားမှုန်များ ဖြာထွက်လျက်ရှိကြောင်း မေ ၁၉ ရက် သတင်းများတွင် ဖော်ပြသည်။

အရွယ်အစားအရ နေစကြဝဠာအတွင်းမှ ဗုဒ္ဓဟူးဂြိုဟ် ထက်မပိုသည့် အဆိုပါဂြိုဟ်ငယ်သည် မိခင်ကြယ်ဂြိုဟ်၏ အပူရှိန်ကြောင့် နှစ်ပေါင်းသန်း ၁၀၀ အတွင်း ပျောက်ကွယ်သွားနိုင်ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီမှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ယင်းဂြိုဟ်ငယ်သည် ၎င်း၏မိခင်ကြယ်အား ၁၅ နာရီလျှင် တစ်ကြိမ်ကျ တစ်ပတ်ပတ်မိရာ လေ့လာစူးစမ်းဖူးသမျှ အတိုဆုံး ဂြိုဟ်ပတ်လမ်းများထဲတွင်အပါအဝင်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ ဂြိုဟ်ပတ်လမ်းတိုလေ မိခင်ကြယ်ဂြိုဟ်နှင့်နီးကပ်လေဖြစ်ရာ ယင်းဂြိုဟ်ငယ်သည် ၎င်းလှည့်ပတ်နေသော ကြယ်မှထွက်ပေါ်လာသည့် ၃၆၀၀ ဒီဂရီဖာရင်ဟိုက်မျှရှိသော အပူဒဏ်ဖြင့် လောင်မြိုက်ခံနေရဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်သည်။

မိခင်ကြယ်ဂြိုဟ်၏ ပြင်းထန်သောအပူရှိန်ကြောင့် ဂြိုဟ်ငယ်မျက်နှာပြင်ပေါ်မှ ကျောက်သား ဒြပ်ထည်များ အရည်ပျော်ကာ အငွေ့ပြန်လျက်ရှိရာ ဖုန်မှုန့်နှင့် ဓာတ်ငွေ့နှစ်မျိုးလုံး အာကာသအတွင်း ဖြာထွက်နေကြောင်း သိရသည်။

**အင်တာနက်။**



# မွေးမြူထားသော ဇီးကွက်များကို ဟယ်ရီပေါ်တာပရိသတ်များ ပြန်လည်စွန့်ပစ်

**လန်ဒန် မေ ၂၂**

ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများအား အသည်းစွဲနှစ်ခြိုက်ကြသူဗြိတိန်ပရိသတ်များသည် အိမ်မွေးတိရစ္ဆာန်များအဖြစ် ၎င်းတို့မွေးမြူထားသော ဇီးကွက်ရာပေါင်းများစွာကို ပြန်လည်စွန့်ပစ်လျက်ရှိကြောင်း မေ ၂၂ ရက်သတင်းများတွင် ဖော်ပြသည်။

ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများ၏ အဓိကဇာတ်ကောင် ဟယ်ရီ၏လိမ္မာပါးနပ်သော ဟက်ဝဒ်အမည်ရှိ ဇီးကွက်ကို သဘောကျနှစ်ခြိုက်ကြသူဗြိတိန်နိုင်ငံသားများသည် ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်များအဖြစ် ဇီးကွက်များအားအပြေးအလွှား ဝယ်ယူမွေးမြူခဲ့ကြရာ ဗြိတိန်နိုင်ငံအတွင်း ဇီးကွက်ဝယ်လိုအား မြင့်တက်ခဲ့ဖူးသည်။

သို့ရာတွင် နှစ် ၂၀ မျှသက်တမ်းရှည်သည့် ယင်းဇီးကွက်များအား မွေးမြူရခြင်းသည် ကရိကထများပြီး လှောင်အိမ်များ ရှင်းလင်းပေးရခြင်း၊ အမွေးအတောင်နှင့်အညစ်အကြေးများ မကြာခဏ ဖယ်ရှားပေးရခြင်းတို့ကြောင့် ဇီးကွက်ပိုင်ရှင်များမှာ ငြီးငွေ့ပင်ပန်းကြရကြောင်း သိရသည်။

ယင်းအပြင် ပြီးခဲ့သည့်နှစ်က ဟယ်ရီပေါ်တာဇာတ်လမ်းတွဲ နောက်ဆုံးဇာတ်ကားကို ရိုက်ကူးပြသခဲ့ပြီးနောက် စိတ်အားတက်ကြွမှုလျော့ပါးလာသော ပရိသတ်များသည် ၎င်းတို့၏ ဇီးကွက်များအား ပြန်လည်စွန့်ပစ်လာရာ တိရစ္ဆာန်စောင့်ရှောက်ရေးဂေဟာများ၌ ဇီးကွက်များပြည့်နှက်လျက်ရှိကြောင်း သိရသည်။

ဟယ်ရီပေါ်တာနောက်ဆုံးဇာတ်လမ်း မပြသမီက ဇီးကွက်ခြောက်ကောင်မျှကိုသာ စောင့်ရှောက်ပေးခဲ့ရသော်လည်း ယင်းဇာတ်ကားပြသခဲ့ပြီးနောက် လက်ခံစောင့်ရှောက်ရသည့် ဇီးကွက်ကောင်ရေမှာ ၁၀၀ ကျော်အထိရှိလာကြောင်း တိရစ္ဆာန်ထိန်းသိမ်းရေးဝန်ထမ်းတစ်ဦးကဆိုသည်။

**အင်တာနက်။**

# ဩစတြေးလျအကြီးဆုံးရေအိုင်ကြီးကို မျိုးနွယ်စုဘုံဆိုင်ဒေသအဖြစ် ဌာနေတိုင်းရင်းသားများ အသုံးပြုခွင့်ရ

**ဆစ်ဒနီ မေ ၂၂**

၁၄ နှစ်ကြာမျှ ဥပဒေရေးရာတိုက်ပွဲဆင်နွှဲခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးရေအိုင်ကြီးဖြစ်သော အိုက်ရာရေအိုင်ကြီးကို ဌာနေတိုင်းရင်းသားလူမျိုးစုတစ်စုက မျိုးနွယ်စုဘုံဆိုင်ဒေသအဖြစ် အသုံးပြုခွင့်ရခဲ့ပြီဖြစ်ကြောင်း မေ ၂၂ ရက်သတင်းများတွင် ဖော်ပြသည်။

ဩစတြေးလျ ဖက်ဒရယ်တရားရုံး၏ ဆုံးဖြတ်ချက်အရ ဧရိယာစတုရန်း ကီလိုမီတာ ၆၉၀၀၀ ကျယ်ဝန်း သည့် အိုက်ရာရေအိုင်ကြီးကို အရာဘန်နာလူမျိုးစုများက အမဲလိုက်ခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ရိုးရာအခမ်းအနားများ ကျင်းပခြင်းတို့အတွက် ခြွင်းချက်မရှိ အသုံးပြုခွင့်ရမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် မြို့ငယ်တစ်မြို့တည်ထားရာ နေရာဒေသတစ်ခုအား ပိုင်ဆိုင်ခွင့်ကို အရာဘန်နာလူမျိုးစုများက စွန့်လွှတ်ရမည်ဖြစ်ကြောင်း ဒေသန္တရသတင်းဌာနများက ဖော်ပြထားသည်။

အိုင်ရာရေအိုင်ကြီးကို မြင့်မြတ်သော နေရာဌာနတစ်ခုအဖြစ် အရာဘန်နာလူမျိုးစုများက သတ်မှတ်ထား ပြီး ယင်းဒေသအား လူမျိုးစုဘုံဆိုင်မြေအဖြစ် အသုံးပြုခွင့်ရရှိရေးအတွက် ၁၄ နှစ်ကြာမျှ တရားဥပဒေအရ အရေးဆိုခဲ့ရသည်။

ဩစတြေးလျနိုင်ငံတောင်ပိုင်းရှိ အိုက်ရာရေအိုင်ကြီးသည် ကန်ရေမျက်နှာပြင်မြင့်တက်ချိန်၌ လှေစီးအပန်းဖြေနိုင်ခြင်း၊ ငါးမျှားနိုင်ခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းလောကတွင် ထင်ရှားသည်။ သို့ရာတွင် ဩစတြေးလျဖက်ဒရယ်တရားရုံး၏ ဆုံးဖြတ်ချက်အရ ယင်းရေအိုင်ကြီးသည် အရာဘန်နာလူမျိုးစုများ၏ မျိုးနွယ်စုဘုံဆိုင်ဒေသဖြစ်လာမည်ဖြစ်ရာ ဖော်ပြပါအခွင့်အရေးများ အဆုံးသတ်မည့်အရေးကို ဒေသခံအချို့က စိုးရိမ်လျက်ရှိသည်။

ယခုသီတင်းပတ်မှစ၍ အိုက်ရာရေအိုင်ကြီးသို့ လာရောက်သည့် ကမ္ဘာလှည့်များနှင့် ခရီးသွားဧည့်သည်များအား အရာဘန်နာလူမျိုးစုများက ကြိုဆိုလက်ခံမည်ဖြစ်သော်လည်း ရေအိုင်အတွင်း လှေစီးခြင်းကို ခွင့်ပြု မည်မဟုတ်ကြောင်း ယင်းလူမျိုးစု ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

# တရုတ် အီလက်ထရွန်နစ်ပစ္စည်းအတုများကို အမေရိကန်လေယာဉ်များ သုံးစွဲနေရ

**ဝါရှင်တန် မေ ၂၂**

တရုတ်နိုင်ငံတွင် ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းအတုအပ တစ်သန်းကျော်ကို အမေရိကန်စစ်ဘက်၏ စစ်လေယာဉ်များ၌ တင်ဆင်အသုံးပြုလျက်ရှိကြောင်း အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီက မေ ၂၁ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန်စစ်ဘက်လေယာဉ်များ၌ တရုတ်အီလက်ထရွန်နစ်ပစ္စည်းအတုအပများအား တပ်ဆင်သုံးစွဲနေရခြင်းသည် အမျိုးသားလုံခြုံရေးကိုသာမက အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက်ပါစိုးရိမ်ရကြောင်း အထက်လွှတ်တော် အစီရင်ခံစာ၌ ဖော်ပြသည်။

အီလက်ထရွန်နစ်ပစ္စည်းအတုအပများနှင့် ပတ်သက်၍ လိုအပ်သောမူဝါဒများ ချမှတ်ထားခြင်း မရှိသည့် တရုတ်နိုင်ငံနှင့် ယင်းပစ္စည်းများအား ဝယ်ယူအသုံးပြုရာတွင် တာဝန်ရှိသည့် အမေရိကန်အာဏာပိုင်များအား အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီက ဝေဖန်ခဲ့သည်။

အီလက်ထရွန်နစ်ပစ္စည်း အစိတ်အပိုင်းတစ်ခု၏ ချွတ်ယွင်းမှုကြောင့် အရေးပေါ်ကာလများအတွင်း အမေရိကန် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များအတွက် ဘေးအန္တရာယ်ရှိလာနိုင်ကြောင်း အထက်လွှတ်တော်၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာအရ အက်စ်အိတ်ချ်-၆၀ ဘီ ရေတပ်ရဟတ်ယာဉ်များ၊ စီ-၁၇ လေယာဉ်များနှင့် စီ-၁၃၀ ဂျေ သယ်ယူပို့ဆောင်ရေးလေယာဉ်များ၌ တရုတ်နိုင်ငံလုပ် အီလက်ထရွန်နစ်ပစ္စည်းအတုအပများ သုံးစွဲထားကြောင်း သိရသည်။ **အင်တာနက်။**

## ပြင်ဆင်ဖတ်ရှုပါရန်

ယမန်နေ့(၂၂-၅-၂၀၁၂)ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)နိုင်ငံတကာသတင်းများတွင် **"အီရန်နိုင်ငံအတွင်း ညကပွဲရုံများ ဖွင့်သင့်ကြောင်း သမ္မတကို ဝန်ကြီးချုပ်က စကားနာထိုး"** သတင်း၌ ဝန်ကြီးချုပ်အစား ပါလီမန်အမတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား IMF အဖွဲ့ တွေ့ဆုံ နည်းပညာအကူအညီများ၊ သင်တန်းများဖွင့်လှစ်ရေး ဆွေးနွေး

**နေပြည်တော်　　မေ　　၂၂**

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ Asia & Pacific Department မှ Deputy Division Chief, Ms. Meral KARASULU နှင့်အဖွဲ့သည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍ အားပေးမြှင့်တင်မှုများ၊ ငွေကြေးဈေးကွက် ထူထောင်ရေးကိစ္စရပ်များ၊ သတင်းအချက်အလက် ကွန်ရက်ထူထောင်ရေး၊ ချေးငွေနှင့် ပြည်ပအကူအညီများ စီမံခန့်ခွဲရေးအတွက် နည်းပညာအကူအညီများ၊ သင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ Asia & Pacific Department မှ Deputy Division Chief, Ms. Meral KARASULU နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ IT development in Yangon နှင့် ပတ်သက်သော အကြံပြုဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

## တိုင်းဒေသကြီးအတွင်း သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရေး e. Yangon Region Network ချိတ်ဆက်တည်ဆောက်ရန် ဆွေးနွေး

ရန်ကုန်　　မေ　　၂၂

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသော IT development in Yangon နှင့် ပတ်သက်သည့် အကြံပြုဆွေးနွေးပွဲသို့ တက်ရောက်သည်။**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေအများဆုံးနေထိုင်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး အေးချမ်းသာယာရေး၊ စီမံခန့်ခွဲရေး၊ ဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရေး၊ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် e. Yangon Region Network စနစ်ချိတ်ဆက်တည်ဆောက်ရန် လိုအပ်လာကြောင်း၊ ယနေ့ခေတ်သည် IT ခေတ်ဖြစ်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် IT development ကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင်လည်း ဦးစားပေးကဏ္ဍအလိုက် အဆင့်လိုက်တင်ပြပြီး အကောင်အထည် ဖော်သွားရမည်ဖြစ်ကြောင်း၊ e. Yangon IT Network ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဦးဉာဏ်ထွန်းဦးက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စက်မှုဇုန်များ IT Network ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ IT development in Yangon ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်များအသင်း၊ မြန်မာစက်မှုဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ ICT ဖွံ့ဖြိုးမှုကော်ပိုရေးရှင်းနှင့် MCC ကုမ္ပဏီတို့မှ တာဝန်ရှိသူများက အကြံပြုရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးတင်ပြကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ပုသိမ်ခရိုင်အတွင်းရှိ ဆေးရုံများ လှည့်လည်စစ်ဆေး

**နေပြည်တော်　မေ　၂၂**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် မေ ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့ ကံရွာတိုက်နယ်ဆေးရုံသို့ သွားရောက်၍ လူနာကုသဆောင်များ၊ ခွဲစိတ်ခန်းနှင့် သားဖွားခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ ငပုတောမြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်ပြည်သူ့ဆေးရုံကြီး လူနာကုသဆောင်များနှင့် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်မည့်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် မေ ၂၀ ရက်တွင် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းတိုက်နယ်ဆေးရုံနှင့် ပန်းတနော်မြို့နယ် ချောင်းကလေးသိမ်ကုန်း တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားတို့သို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးရုံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် စာရင်းဇယားများ မှန်ကန်တိကျရေး ဆောင်ရွက်ရန်နှင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၃-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

- ၅း၄၀ "ဝိပဿနာ(၂)မျိုးခွဲခြားသိရန်" တရားတော် (ရေတာရှည် ဆရာတော်အရှင်ပညာဝံသ)
- ၁၁း၁၅ ရန်ကုန်မြင်ကွင်းကျယ် (ရွှေအလင်းရောင်မျက်စိဖောင်ဒေးရှင်း၏ကံစမ်းမဲလက်ဆောင်ချီးမြှင့်ပွဲအခမ်းအနား)
- ၁၂း၂၅ ရွှေစေတီဆရာတော်ဘဒ္ဒန္တရေဝတ၏သက်တော်(၆၆)နှစ်ပြည့် ဝိဇာတမင်္ဂလာနှင့် မဟာသိမ်ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ
- ၂း၂၀ ဘဝရဲ့ချောက်ကမ်းပါးစွန်း (ရင်သားကင်ဆာနှင့်အရိုးကင်ဆာ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး' (အပိုင်း-၃၁)**
- ၇း၃၅ တရုတ်-မြန်မာဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးည ပဒေသာကပွဲ အစီအစဉ် (အပိုင်း-၃)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်'(အပိုင်း-၄၅)**
- ၁၀း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ' (အပိုင်း-၁၇)**
- ၄း၅၀ သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Sumitomo Mitsui Banking Corporation မှ Deputy President Mr. Hiroshi Minoura နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

## ဒက္ခိဏသီရိမြို့နယ် ၂၀၁၂-၂၀၁၃ စီမံကိန်းတာဝန်ပေးအပ်

**နေပြည်တော်　မေ　၂၂**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ခံများနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်ပေးအပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။　(သတင်းစဉ်)



**မေ ၁၃ ရက်က ပန်းဘဲတန်းမြို့နယ် စာရေးဆရာအသင်း ဖြစ်မြောက်ရေးအတွက် ရွေးချယ်တင်မြှောက်ခဲ့သော မြို့နယ်စာရေးဆရာအသင်း အမှုဆောင်များကို တွေ့ရစဉ်။**
(၁၉)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ပြည်ပဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

**နေပြည်တော်　မေ　၂၂**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား Stock Exchange of Thailand, President Mr. Charamporn Jotikasthira နှင့် အဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား Sumitomo Mitsui Banking Corporation မှ Deputy President Mr. Hiroshi Minoura နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် လာရောက်တွေ့ဆုံပြီး Sumitomo Mitsui Banking Corporation အနေဖြင့် မြန်မာနိုင်ငံမှဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအား တိုးချဲ့လုပ်ကိုင်ရန် ကိစ္စများနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား IMF Staff Visit Mission အဖွဲ့သည် မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် နည်းပညာ အကူအညီပေးရေးနှင့် ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရနှင့် တိပိဋကစာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

**၁၃၇၃ခုနှစ် (၆၄)ကြိမ်မြောက် နိုင်ငံတော်အစိုးရ တိပိဋကဓရစာမေးပွဲကြီးတွင် အောင်ပန်းဆင်တော်မူခဲ့ကြသည့် တိပိဋကဓရတိပိဋက ကောဝိဒဘွဲ့ရ ဘဒ္ဒန္တ ဣန္ဒာစရိယ၊ တိပိဋကဓရဘွဲ့ရ ဘဒ္ဒန္တပညာသိရီလင်္ကာရနှင့် တိပိဋကစာအောင်သံဃာတော်အရှင်မြတ်(၂၉)ပါးတို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော်ရွှေရတုခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြည်ညိုကြသည်။**

ရှေးဦးစွာ ကျေးဇူးတော်ရှင် အာဒိကမ္မိက မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုရည်မှန်းပူဇော်သောအားဖြင့် (၁)မိနစ်ခန့် ငြိမ်သက်စွာ ပူဇော်ကန်တော့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ (၅)ပါး သီလခံယူ ဆောက်တည်၍ ဩဝါဒကထာ နာယူတော်မူကြသည်။

ယင်းနောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ဘဒ္ဒန္တ ဣန္ဒာစရိယ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်၍ ဂုဏ်ထူးဝေစည်ထေရ် ဇာနည်မင်္ဂလာတေးထပ်ကို သီဆိုပူဇော်ကာ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ဘဒ္ဒန္တဣန္ဒာစရိယ အရှင်သူမြတ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေး ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် အလှူရှင်များက ဂုဏပူဇာအလှူတော်ငွေများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိပိဋကဓရဘွဲ့ရ ဘဒ္ဒန္တပညာသိရီလင်္ကာရ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်၍ ဂုဏပူဇာလင်္ကာ မင်္ဂလာတေးထပ်ကို သီဆိုပူဇော်ကာ တိပိဋကဓရဘွဲ့ရ ဘဒ္ဒန္တပညာသိရီလင်္ကာရ အရှင်မြတ်အား တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အမှူးပြုသော ဆရာတော်များ၊ စာအောင် သံဃာတော် အရှင်သူမြတ်များအား တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိပိဋက နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ မင်းကွန်းတိပိဋက သာသနဟိတရဘွဲ့ရ ရွှေစင်အကယ်ဒမီ ဦးသူတော်က ဝမ်းမြောက်စကားလျှောက်ထားကာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ ယောဆရာတော်ထံမှ ဧည့်ပရိသတ်အပေါင်းတို့က ရေစက်ချ အနုမောဒနာတရားနာယူကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများနှင့် စာအောင် ဆရာတော်၊ သံဃာတော် အရှင်မြတ်တို့အား အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မေ ၁၄ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး SKY NET ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။ မေ ၁၅ ရက်တွင် ဘုရားသုံးဆူမြို့တွင်းသို့ လှည့်လည်ကြည့်ရှုပြီး ပြည်သူ့ဆေးရုံဝင်းအတွင်း ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားကာ တာဝန်ရှိသူများနှင့်အတူ ပျိုးပင်များဖြန့်ဝေပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘုရားသုံးဆူမြို့ ပြည်ထောင်စုခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး SKY NET ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် သုံးလုံးကို ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်ခွဲပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ SKY NET ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တစ်စုံနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘုရားသုံးဆူမြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော နိုင်ငံတော်မှ ထောက်ပံ့သည့် ကျောင်းသုံးစာအုပ်များပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘုရားသုံးဆူမြို့ရှိ ဖိနပ်ချုပ်စက်ရုံနှင့် အောင်သရဖူအထည်ချုပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး ဓမ္မဟောဝန် ပရဟိတကျောင်း ပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူများအတွက် SKY NET ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက် တစ်စုံနှင့် ဆန်၊ ကြက်သွန်နှင့် ကုလားပဲအိတ်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရေလုပ်ငန်းမှ ကန်ဒေါ်လာ ၇၈ သန်းကျော်ရရှိထား

**ရန်ကုန် မေ ၂၂**

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကာလအတွင်း ဧပြီ ၁ ရက်မှ မေ ၂၀ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှုမှ ကန်ဒေါ်လာ ၇၈ ဒသမ ၄၅၁ သန်းရရှိထားပြီး ယခုဘဏ္ဍာနှစ်အတွက် လျာထားသော ဒေါ်လာသန်း ၇၀၀ အပေါ် ၁၁ ဒသမ ၁၁ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေထွက်ကုန်များတင်ပို့ရာတွင် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှ ကန်ဒေါ်လာ ၄၅ ဒသမ ၁၃ သန်းဖိုး တင်ပို့နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်မှ ၈ ဒသမ ဝ၇ သန်း၊ မြဝတီမှ ၁ ဒသမ ၅၁ သန်း၊ ကော့သောင်းမှ ၄ ဒသမ ၅၀ သန်း၊ စစ်တွေမှ သုည ဒသမ ၄၁ သန်း၊ မြိတ်မှ ၁၈ ဒသမ ဝ၄ သန်း၊ မောင်တောမှ သုည ဒသမ ၇၆ သန်း စသည်ဖြင့် တင်ပို့ခဲ့ကြောင်း သိရသည်။

ထိုရေထွက်ကုန်ကဏ္ဍကြီးတစ်ခုလုံးမှ ပြည်ပဝင်ငွေလျာထားချက်မှာ လွန်ခဲ့သောနှစ်ကအတိုင်း ဒေါ်လာ သန်း ၇၀၀ သတ်မှတ်ခဲ့သော်လည်း ယင်းပမာဏအတွင်း ပါဝင်သည့် ကဏန်းနှင့် ငါးရှဉ့်ပို့ကုန်များ၏ ဝင်ငွေလျာထားချက်ကို ယခုဘဏ္ဍာနှစ်တွင်တိုးမြှင့် သတ်မှတ်ထားပြီး ကဏန်းထွက်ကုန်များမှ ကန်ဒေါ်လာ ၃၈ သန်းနှင့် ငါးရှဉ့်ထုတ်ကုန်များမှ ကန်ဒေါ်လာ သန်း ၃၀ စသည်ဖြင့် တိုးမြှင့်လျာထားသတ်မှတ်ထားခြင်းဖြစ်ကြောင်း မေ ၂၂ ရက်တွင် ကျင်းပသော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များပုံမှန်အစည်းအဝေး၌ ငါးလုပ်ငန်းဦးစီးဌာန FIQC ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ (၆၈၀)



**ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ မုံရွာဆရာမိုး-(ဒေါ်သိန်းမို)၊ သားဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်ပြည့်စုံဟိန်းနှင့်တူမ ဒေါ်အေးအေးမော်(မုံရွာဆရာမိုးတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစုတို့က မေ ၂၀ ရက်တွင် မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ယက္ကန်းသည်မကျေးရွာ မြသိန်းတန်ကျောင်းတိုက်အတွင်း သိမ်ဆောက်လုပ် လှူဒါန်းရန်အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ သိမ်ဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးခင်ဇော်၊ ဦးချစ်တင်နှင့် ဦးအုန်းမြင့်တို့ လက်ခံစဉ်။** (ကြေးမုံ)

## မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်းထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

**မီးသတ်ဦးစီးဌာန**

# ခင်ဦး၌ နှစ်လုံးထီလောင်းကစားမှု ဖမ်းဆီးအရေးယူ

**ခင်ဦး မေ ၂၂**

ခင်ဦးမြို့ အောင်မင်္ဂလာရပ်ကွက်အတွင်း မေ ၁၅ ရက် နံနက်ပိုင်းက နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိ၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ခင်ဦးရဲစခန်းမှူးအနီးကပ်ကြီးကြပ်မှုဖြင့် နှစ်လုံးထီလောင်းကစားပြုလုပ်နေသူ အောင်မင်္ဂလာရပ်ကွက်နေ(ဘ) ဦးဟန်ဝင်းအောင်၏ သမီး မငယ် အသက်(၂၅)နှစ်အား ဒုတိယရဲအုပ်ကျော်ဇော ဦးစီးအဖွဲ့က ရဲလုပ်ငန်းနှင့်အညီ စုံစမ်းဖမ်းဆီး၍ နှစ်လုံးထီလောင်းကစားပစ္စည်းများနှင့်အတူ လောင်းကြေး ငွေကျပ် ၄၄၁၅၀ နှင့် ဖမ်းဆီးမိ၍ ခင်ဦးရဲစခန်း(ပ) ၁၇၀/၂၀၁၂ လောင်းကစားပုဒ်မ ၁၅(က)/၁၆(က)တို့အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပြီး ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူး အနေဖြင့် လောင်းကစားကင်းစင်ရေး အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၇၃)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

## ပညာဂုဏ်ရောင် အလင်းဆောင်

# ဖိုးရာဇာစာကြည့်တိုက် ရေဖြူမြို့နယ်၌ဖွင့်လှစ်

နေပြည်တော် မေ ၂၂

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ပုလဲကူကျေးရွာ ဖိုးရာဇာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်ရွှေက စာကြည့်တိုက် အခန်းကဏ္ဍနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် ဖိုးရာဇာစာကြည့်တိုက်သို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေစန်းက စာအုပ် ၅၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဖြူရှိန်က သုတ/ရသစာအုပ် ၁၀၀၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာအောင်ထိန်က သုတ/ရသစာအုပ် ၅၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနိုင်ထွေးက ရေဒီယိုကက်ဆက်တစ်လုံး၊ ရေဖြူမြို့(ခ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးခိုင်က တိုင်ကပ်နာရီတစ်လုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းစွမ်က စာကြည့်တိုက်ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၊ ရေဖြူမြို့မှ ဦးညီညီ-ဒေါ်ဖြူဖြူရှိန် မိသားစုက မှန်ဗီရိုတစ်လုံး၊ ကျေးရွာလူမှုရေး အသင်းအဖွဲ့က စားပွဲနှစ်လုံးနှင့် ပလတ်စတစ်ထိုင်ခုံ ၁၂ လုံး၊ ဦးအောင်ဆန်းဝင်းက သုတ/ရသစာအုပ် ၃၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။



**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ပုလဲကူကျေးရွာ ဖိုးရာဇာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စာကြည့်တိုက် အဆောက်အအုံရှေ့၌ ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူရှိန်တို့က ဖိုးရာဇာစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ အဆိုပါစာကြည့်တိုက်အား မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ၁၀ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁၄၀၇၀၀ စုစုပေါင်းငွေကျပ် ၂၁၄၀၇၀၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပျော်ဘွယ်မြို့နယ် မြို့မကျေးရွာ မြို့မဂုဏ်ဆောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၂**

ပျော်ဘွယ်မြို့နယ် ဘတ္တကျေးရွာအုပ်စု မြို့မကျေးရွာ မြို့မဂုဏ်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် ညနေပိုင်းတွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖုန်းနိုင်နှင့် စာကြည့်တိုက်ကော်မတီနာယက ဦးအောင်စိုးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးက အလှူငွေကျပ် ငါးသောင်း၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက အလှူငွေကျပ် တစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက သုတ/ရသ စာအုပ်မျိုးစုံ ၁၈၉ အုပ်နှင့် တက်ရောက်လာကြသည့် အလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**✻ ရှေ့ဖုံးမှ**

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ကျင်းပပြီးစီးခဲ့သော ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကြီးအား ပြန်လည်ခြုံငုံသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို လေ့လာကာ နောင်လာမည့်ရွေးကောက်ပွဲများတွင်လည်း ပိုမိုပြည့်စုံကောင်းမွန်ပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ဆက်လက်တိုးတက်ဖြစ်ပေါ်လာစေရန်အတွက် ကော်မရှင်အနေဖြင့် အစဉ်တစိုက် ကြိုးစားဆောင်ရွက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတကာ အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်ခဲ့သည်ဟု နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်သူများက သုံးသပ်ပြောကြားခဲ့သည်ကို ပြန်လည်ကြားသိရပါကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့် ပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲကြီးအပေါ် အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်ကာ နောင်လာမည့်ရွေးကောက်ပွဲများ၌ ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများသည်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ရင်းရင်းနှီးနှီး ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ကျင်းပပြီးစီးခဲ့သည့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အားနည်းချက်နှင့် အားသာချက်များကို သုံးသပ်ဆွေးနွေးကြပြီး နောင်လာမည့်ရွေးကောက်ပွဲများတွင် ပိုမိုပြည့်စုံကောင်းမွန်သော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး အကြံပြုဆွေးနွေးတင်ပြကြသည်။

နိုင်ငံရေးပါတီများ၏ သုံးသပ်ဆွေးနွေးအကြံပြုချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးဝင်းကိုက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Keppel Corporation ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Keppel Corporation ဥက္ကဋ္ဌ Dr. LEE BOON YANG ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး Keppel Corporation သည် ၁၉၉၃ ခုနှစ်မှစတင်၍ ဟိုတယ်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် စတင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ရာ ၁၉၉၆ ခုနှစ်မှစ၍ Sedona Hotel ရန်ကုန်နှင့် ၁၉၉၈ ခုနှစ်မှစ၍ Sedona Hotel မန္တလေးတို့ကို လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုလည်း Sedona Hotel ရန်ကုန်အနီး၌ အခန်း(၃၀၀/၄၀၀)ပါ ဟိုတယ်နှင့် ကားရပ်နားစခန်း ရင်းနှီးမြှုပ်နှံမှုတိုးချဲ့မည့်စီမံကိန်းလည်း ဆောက်လုပ်ရန်အစီအစဉ်ရှိပါကြောင်း၊ Sedona Hotel ရန်ကုန်၏ အဆင့်(၂)ကို ဆက်လက်အကောင်အထည်ဖော်မည့် အဆိုပြုတင်ပြထားသည့် ကိစ္စများနှင့်ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်(FDI)များအတွက် ထုတ်ပြန်ထားသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ကိုလည်း သိရှိလိုပါကြောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် Sedona Hotel ရန်ကုန်၏ အဆင့်(၂)ကို ဆက်လက်အကောင်အထည်ဖော်မည့် အဆိုပြုတင်ပြထားသည့်အချက်များအပေါ် စတင်မဆောင်ရွက်မီ ရှင်းလင်းရမည့် ငွေကြေးကိစ္စများနှင့် MIC အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**✻ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်မှ**

ပြင်ဆင်ဖြည့်စွက်ခြင်း၊ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့သည်မှာ ယခုဆိုလျှင် နဝမ(မူကြမ်း)အဆင့်ထိရောက်ရှိပြီးဖြစ်ကြောင်း၊ ယခုဥပဒေ(မူကြမ်း)များကို သက်ဆိုင်ရာဌာနအသီးသီးအနေနှင့် မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆွေးနွေးပြီး တွေ့ရှိချက်များ၊ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးပို့ကြရန် မှာကြားလိုကြောင်း၊ ဌာနအသီးသီးမှ ပေးပို့လာမည့်အကြံပြုချက်များအပေါ်မူတည်ပြီး လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ကာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့(WIPO)နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းအသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးများ များစွာရရှိလာမည်ဖြစ်ကြောင်း၊ ထို့အပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့် ယခုအချိန်၌ ရှိရန်လိုအပ်နေပြီ ဖြစ်သည့်အတွက် ယင်းကိုအသုံးပြု၍ ပြည်ပရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အဖွဲ့အစည်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံ အစရှိသည့် အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အခြားသောအဖွဲ့ဝင်နိုင်ငံများလိုပင် ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အခွင့်အရေး (Trade-Related Aspects of Intellectual Property Rights-TRIPS)သဘောတူညီချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်နေကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံနိုင်ငံများ ပေါင်းစည်းမှုအစီအစဉ်အရ အာဆီယံနိုင်ငံများအတွင်းတွင် လွတ်လပ်စွာကုန်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများစီးဝင်မှု၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုစသည့်ကဏ္ဍများတွင် အတားအဆီးများကို ဖယ်ရှားပြီး လွတ်လပ်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေနှင့် မိမိတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များကို အကာအကွယ်ပြုနိုင်မည့် ဥပဒေများအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းထားရန် လိုအပ်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို အကာအကွယ်ပေးနိုင်ပြီး နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးကိုလည်း အထောက်အကူဖြစ်စေပြီး နိုင်ငံတကာကုန်သွယ်ရေးတွင် မရှိမဖြစ်လိုအပ်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကို ဌာနဆိုင်ရာအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား Science Council of Japan မှ ဧည့်သည်အဖွဲ့တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား Science Council of Japan မှ Vice-President Dr. Fumiko Kasuga နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး Science Council of Asia တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆည်တော်ကြီး ရေလှောင်တမံနှင့် တူးမြောင်းများ ခေတ်မီအောင် ပြန်လည်ပြုပြင်

သတင်းနှင့် ဓာတ်ပုံ

သီဟကိုကို(မန္တလေး)

**မန္တလေး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ဆည်တော်ကြီး ရေလှောင်တမံနှင့် တူးမြောင်းများကို ခေတ်မီအောင် ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်သည်။ ယခင်က ဆည်တော်ကြီး ရေလှောင်တမံနှင့် ရေသောက်စနစ်အတွင်းရှိ တူးမြောင်းမကြီးနှင့် ရေပေးလက်တံမြောင်းများသည် နှစ်ကာလကြာလာသည်နှင့်အမျှ နုန်းတက်လာခြင်းကြောင့် သတ်မှတ်ရေထုထည်စီးနှုန်းအတိုင်း မစီးဆင်းနိုင်ဘဲ ဆည်ရေပေးဝေရာတွင် စပါးနှင့် အခြားသီးနှံဧကများ ရေပေးဝေမှု အဆင်မပြေခြင်း၊ အချိန်ကြာမြင့်ခြင်းနှင့် ရေယူစနစ်မှန်ကန်မှုမရှိခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်ပေါ်နေမှုနှင့် တောင်သူများ အဆင်ပြေစွာဆည်ရေသောက် ဆည်ရေသုံးစွဲနိုင်ရန်အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၂ ခုနှစ် မတ်လအထိ တူးမြောင်းများ၊ လက်တံမြောင်းများကို ခေတ်မီအောင် ပြန်လည်ပြုပြင်နိုင်ရန် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးခဲ့သဖြင့် လူအား၊ စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်ခဲ့ရာ နွေစပါးရေပေးဝေကာလမတိုင်မီ အချိန်မီ ပြုပြင်ပြီးစီးခဲ့သည်။



ခေတ်မီအောင် ပြန်လည်ပြုပြင်နေသော ဆည်ရေပေးမြောင်းမကြီး။

ထို့နောက် ဆည်တော်ကြီးရေလှောင်တမံမှ မန္တလေးတူးမြောင်းမကြီး ရေပေးဝေစနစ်၊ ရေနံ့သာတူးမြောင်း ရေပေးစနစ်၊ ရေစုပ်စက်ရေပေးစနစ် စသည်ဖြင့် ရေပေးဝေလျက်ရှိသည်။ မန္တလေးတူးမြောင်းမကြီးသည် ၄၂ မိုင်ရှည်ပြီး လက်တံခွဲမြောင်း ၁၈ မြောင်းဖြင့် မတ္တရာမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးနှင့် အမရပူရမြို့နယ်များရှိ စိုက်ပျိုးဧက ၇၃၉၂၇ ကို စိုက်ပျိုးရေပေးဝေခြင်းနှင့် မန္တလေးမြို့နေပြည်သူများ သောက်သုံးရေအတွက် ကျုံးအတွင်းသို့ နေ့စဉ်ရေပေးသွင်းလျက်ရှိသည်။

ယခင် မန္တလေးတူးမြောင်းမကြီး မပြုပြင်မီက ဆည်တော်ကြီးရေလှောင်တမံမှ မြောင်းဖျားပိုင်းရှိ အမရပူရမြို့နယ်သို့ ရေရောက်ရှိရန် ၄၈ နာရီကြာမြင့်ခဲ့သည်။ ယခုပြန်လည်ပြုပြင်ခဲ့သဖြင့် မြောင်းဖျားရေ ရောက်ရှိချိန် ၂၄ နာရီသာကြာမြင့်ခဲ့သည့်အတွက် သီးနှံဆည်ရေ အသုံးပြုရန် အချိန်ကြာမှုမရှိတော့ဘဲ လယ်မြေများသို့ လျင်မြန်စွာ ရေရောက်ရှိပြီဖြစ်သည်။



မန္တလေးတိုင်းဒေသကြီးရှိ ဆည်တော်ကြီး ရေလှောင်တမံ။

မြောင်းဖျားမြို့နယ်ဖြစ်သော အမရပူရမြို့နယ်၌ ယခင်နှစ်များက ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ နွေစပါးအတွက် ဆည်ရေကြိုတင်ပေးဝေခဲ့သည်။ ယခုနှစ်တွင်မူ မတ် ၁ ရက်မှစ၍ ဆည်ရေနောက်ကျပေးဝေခဲ့သော်လည်း တူးမြောင်းနှင့် ရေပေးအဆောက်အအုံများ စနစ်တကျပြုပြင်ပြီးစီးခဲ့၍ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ထို့ကြောင့် ဆည်ရေပေးမြောင်းမကြီး၊ လက်တံမြောင်းများကို နိုင်ငံတော်မှ ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ ပြန်လည်ပြုပြင်ပေးခဲ့ပြီး တောင်သူများ၊ ဆည်ရေအသုံးပြုသူများနှင့် ပြည်သူများအနေဖြင့် ဆည်ရေအလေအလွင့်မရှိအောင်နှင့် တူးမြောင်းနှင့် ရေပေးအဆောက်အအုံများ မပျက်စီးအောင် ဝိုင်းဝန်းစောင့်ရှောက်ရန် လိုအပ်သည်။ ရေကိုညစ်ညမ်းအောင် မပြုလုပ်ရန်နှင့် လယ်ကြားမြောင်းများ ပြုပြင်ရန်လည်း လိုအပ်ကြောင်း သိရသည်။ ။

## ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် မေ ၂၂

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** မော်လိုက်မြို့၊ ကလေးဝမြို့နှင့် ချောက်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

## တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ကျောင်းအုပ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး National Defence Studies Institute (NDSI) မှ ကျောင်းအုပ်ကြီး General Padetgarn Jansaewoke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်နှင့်အတူ ဒုတိယ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ကိုကိုခိုင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး မြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး National Defence Studies Institute (NDSI) မှ ကျောင်းအုပ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူးလည်း တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်ကြား လေ့ကျင့်ရေးတိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တကုဏ္ဍလပျံလွန်တော်မူ

**ရန်ကုန် မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တာဝတိံသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ သက်တော် (၉၃)နှစ် သိက္ခာတော် (၇၃)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ် ဆရာတော်ကြီးသည် ၁၃၇၄ ခုနှစ် နယုန်လပြည့်ကျော် ၁၅ ရက် မေ ၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တာဝတိံသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း -** ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့ တရော်ကုန်းရပ် ခမည်းတော် ဦးအောင်တုတ်၊ မယ်တော် ဒေါ်ဖွားမေတို့မှ ၁၂၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (တနင်္လာနေ့) နံနက် ၄ နာရီအချိန်တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း -** ဆရာတော်လောင်းလျာသည် ၁၂၉၀ ပြည့်နှစ်တွင် အောင်လံမြို့ တာဝတိံသာကျောင်းတိုက် ဆရာတော် ဦးနာရဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၃ ခုနှစ်တွင် ဆရာတော်ဦးနာရဒကို ဥပဇ္ဈာယ်ပြု၍ ကုက္ကိုကုန်းကျေးရွာ ဦးအောင်မျှင်၊ ဒေါ်ငွေမြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း -** ဆရာတော်လောင်းလျာသည် အောင်လံမြို့ တာဝတိံသာကျောင်းတိုက်ဆရာတော် ဦးနာရဒ၊ စာချဆရာတော် ဦးဂုဏဝံသ၊ ဦးဥတ္တမ၊ ဦးဝိဇယ၊ ဦးပရမတို့ထံ ပရိယတ္တိအခြေခံနှင့် ဝိနည်း၊ အဋ္ဌကထာ၊ ဋီကာများကို လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးသုန္ဒရ၊ ဦးနန္ဒဝံသ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးသူရိယ၊ ငွေတောင်တိုက်ဆရာတော် ဦးစန္ဒာသီရိ၊ မဟာဝေယံဘုံသာတိုက် ဆရာတော် ဦးကလျာဏ၊ ရွှေရေးဆောင်ဆရာတော် ဦးပဏ္ဍဝံသ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒတို့ထံ၌ လည်းကောင်း ကျမ်းရိုးပေါက်သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း -** ဆရာတော်သည် မကွေးတိုင်းဒေသကြီး အောင်လံမြို့ တာဝတိံသာကျောင်းတိုက်၌ အခြေခံမှစ၍ ပါဠိတော်၊ အဋ္ဌကထာ စသောစာဝါများပို့ချတော်မူရင်း အောင်လံမြို့ တာဝတိံသာတောင်တော် ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရားကြီး၊ ကုသိနာရုံဘုရားကြီးနှင့် ဆုတောင်းပြည့်ရွှေပြောင်ပြောင်ဘုရားကြီးတို့၏ ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မဟာဝိသုတာရာမဓိက ဂန္ထဝါစကနိကာယဝင်ဆရာတော်အဖြစ် လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပြီး ၁၉၉၇ ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း -** ဤသို့လျှင် ဝိနယဂရုက၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ စသောနာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်သည် ၁၃၅၄(၁၉၉၃) ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း -** ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၃) နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၇၄ ခုနှစ် နယုန်လပြည့်ကျော် ၁၅ ရက် (၂၀-၅-၂၀၁၂) (တနင်္ဂနွေနေ့) ညနေ ၃ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

### နိုင်ငံတကာ အားကစားသတင်းများ

## ချန်ပီယံလိဂ်အောင်ပွဲနှင့် ပတ်သက်၍ လမ်းပတ် ထုတ်ဖော်ပြောကြား



**လန်ဒန် မေ ၂၂**

မြူးနစ်မြို့တွင် ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းက အိမ်ရှင်ဘိုင်ယန်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က မိမိ၏ ချယ်လ်ဆီးကစားသမားဘဝတစ်လျှောက်လုံးတွင် ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်ကာ အောင်ပွဲခံနိုင်ခဲ့သည့် စနေညသည် မမေ့နိုင်စရာ အောင်မြင်မှုတစ်ခုအဖြစ် ခံစားခဲ့ရကြောင်း ၎င်း၏ ရင်တွင်းစကားကို ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်သည် ချယ်လ်ဆီးအသင်း၌ ၁၁ နှစ်ကြာ ကစားခဲ့ပြီး ဘိုင်ယန်အသင်းအား ပယ်နယ်တီဖြင့် အဆုံးအဖြတ်ယူကာ ချယ်လ်ဆီးအသင်း ပထမဆုံးချန်ပီယံလိဂ် အောင်ပွဲခံခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ဗီလာဘိုအာ့စ် ကိုင်တွယ်ချိန် ရာသီအစပိုင်းတွင် ရှုံးပွဲများနှင့်သာ ကြုံတွေ့ခဲ့ရပြီး ဗိုလ်လုပွဲများနှင့် လွဲရလိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ သို့သော် ဗီလာဘိုအာ့စ် ထွက်သွားပြီးနောက် ၎င်း၏ လက်ထောက်နည်းပြ ဒီမတ်တီယို ကိုင်တွယ်လာချိန်မှစ၍ ချယ်လ်ဆီးအသင်း သိသိသာသာ အောင်မြင်မှုရှိလာခဲ့ကြောင်းနှင့် ကစားသမားများ၏ ခြေကုန်ထုတ်ကစားခြင်းတို့ကြောင့် ယခုကဲ့သို့ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း လမ်းပတ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အပြင် ချယ်လ်ဆီးအသင်းသည် ဥရောပ ဘောလုံးရာသီကုန်ချိန်တွင် အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဖလားနှစ်လုံးပိုင်ရှင်ဖြစ်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြောင်း၊ လာမည့်ဘောလုံးရာသီတွင်လည်း ချယ်လ်ဆီးအသင်း ဆက်လက်အောင်မြင်မည်ဟု ယုံကြည်ထားကြောင်း လမ်းပတ်က ထုတ်ဖော်ပြောကြားခဲ့သည်။

***အင်တာနက်။***



## မန်စီးတီးတိုက်စစ်မှူး အဒီဘာယော စပါးအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုရေး ဆွေးနွေးလျက်ရှိ

နိုင် လင်း ကြည်

**လန်ဒန် မေ ၂၂**

မန်စီးတီးတိုက်စစ်မှူး အီမန်နျူရယ်အဒီဘာယောသည် ပြီးခဲ့သည့်ဘောလုံးရာသီက စပါးအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ်ပြီး လက်ရှိစပါးအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း မေ ၂၂ ရက် အားကစားသတင်းတစ်ရပ်က ဖော်ပြသည်။

တိုက်စစ်မှူး အဒီဘာယောသည် စပါးအသင်း၌ ပြိုင်ပွဲ ၃၇ ပွဲကစားပြီး ၁၈ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပျော်ရွှင်မိကြောင်း၊ စပါးအသင်း၌ ကစားရသည်ကို နှစ်သက်သောကြောင့် စပါးအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုရေး ကြိုးစားသွားမည်ဖြစ်ကြောင်း အဒီဘာယောက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

စပါးအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိမည်မဟုတ်သော်လည်း အဒီဘာယောစပါးအသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့လာပါက စပါးအသင်းနည်းပြ ဟယ်ရီရက်နက်အတွက် အကြီးမားဆုံး အားအင်တစ်ရပ်ဖြစ်လာမည်ဟုလည်း ဆိုထားသည်။

အဒီဘာယောသည် ၂၀၀၆ ခုနှစ်က အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီး အာဆင်နယ်အသင်း၌ ပွဲပေါင်း ၁၀၅ ပွဲကစားပြီး ၄၆ ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် မန်စီးတီးအသင်းသို့ ပေါင် ၂၅ သန်းဖြင့် ရောက်ရှိခဲ့ပြီး မန်စီးတီးအသင်း၌ ၃၄ ပွဲကစားပြီး ၁၅ ဂိုးသွင်းယူနိုင်ခဲ့သည်။

၂၀၁၀-၂၀၁၁ ဘောလုံးရာသီကုန်တွင် စပါးအသင်းသို့ မန်စီးတီးအသင်းမှ အငှားစာချုပ်ဖြင့် ရောက်ရှိလာခဲ့ပြီး လက်ရှိအငှားစာချုပ်ကို အမြဲတမ်းစာချုပ်အဖြစ်သို့ ပြောင်းလဲစာချုပ်ရန် ကြိုးစားနေကြောင်း သိရသည်။

***အင်တာနက်။***

## ဈေးကွက်နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုတိုးတက်ရေး သဘောတူလက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၂**

ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အဖြစ် ကမ္ဘောဇဘဏ် လီမိတက်နှင့် ဂျပန်နိုင်ငံ SMBC Bank တို့၏ နည်းပညာပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ ၂၁ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် တာဝန်ရှိသူများ၊ SMBC Bank Deputy President Mr. Hihoshi Minoura နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ဝဲပုံ)**

အခမ်းအနားတွင် SMBC Bank မှ Mr. Hihoshi Minoura နှင့် ကမ္ဘောဇဘဏ်လီမိတက် အပြည်ပြည်ဆိုင်ရာဘဏ်လုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းချို့နှင့် SMBC Bank မှ Deputy President Mr. Hihoshi Minoura တို့က နည်းပညာပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလဲလှယ်ကြပြီး ကမ္ဘောဇဘဏ်လီမိတက် ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် SMBC Bank တို့မှ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယခု လက်မှတ်ရေးထိုးမှု အစီအစဉ်သည် ဧပြီလအတွင်း နိုင်ငံတော်သမ္မတကြီး၏ ဂျပန်နိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် MoU ရေးထိုးရေး တင်ပြခဲ့ပြီး ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြခြင်းဖြစ်သည်။ စာချုပ်မူကြမ်း၏ ရည်ရွယ်ချက်တွင် ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစဉ်တစိုက်တိုးတက်စေရန် အဓိက ရည်ရွယ်၍ SMBC Bank အနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်၏ Corporate Governance နှင့် Marketing and Human Resource Management များ ပိုမိုတိုးတက်အောင်မြင်စေရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)




### ယနေ့ မိုးလေဝသ

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

# (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**(သတင်းစဉ်)

နေပြည်တော်      မေ      ၂၂

**(၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် Grand Ball Room ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့မှ အရာရှိကြီးများ၊ ASEANAPOL အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ရဲချုပ်များ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံနိုင်ငံအလံများကို လွှင့်ထူ၍ ရဲတီးဝိုင်းအဖွဲ့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်ကာ ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပထမနေ့ စုံညီအစည်းအဝေးကို စတင်ကျင်းပကာ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံး ကိုယ်စားလှယ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးရုံး ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် (၃၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဥက္ကဋ္ဌ လာအိုနိုင်ငံရဲချုပ် ရဲမှူးချုပ် ဆီစာဘတ်ကျော့မလာဘွန်က တိုးတက်ရေးအစီရင်ခံစာကိုတင်သွင်းပြီး အစည်းအဝေးက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းအား (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များ ညီလာခံဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။



ဆက်လက်၍ (၃၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ရဲချုပ်များညီလာခံ ဥက္ကဋ္ဌ လာအိုနိုင်ငံရဲချုပ် ရဲမှူးချုပ် ဆီစာဘတ်ကျော့မလာဘွန်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ကျော်ကျော်ထွန်းထံ (၃၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့

**စာမျက်နှာ ၆ ကော်လံ ၄ သို့ ☆**

# အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသည့် ယခုအချိန်၌ ရှိရန်လိုအပ် ယင်းကိုအသုံးပြု၍ ပြည်ပရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်

နေပြည်တော်      မေ      ၂၂

**အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေများ အသစ်ပြဋ္ဌာန်းရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီတွင် နေပြည်တော်ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တက်ရောက်၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု၊ ရိုးရာ၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာ၊ အနုပညာ၊ သဘင်၊ စာပေ၊ ဂီတ၊ ရုပ်ရှင်နှင့် သုခုမ စသည့် ကဏ္ဍများကိုလည်း ခိုင်မာအားကောင်းလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်ချင်းကဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ပိုင်ဆိုင်သည့် တီထွင်ဖန်တီးမှု၊ စာပေ၊ အနုပညာ၊ လက်ရာ၊ ဒီဇိုင်းအစရှိသည်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိကြောင်း။**



မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက် မူကြမ်းရေးဆွဲထားသည့် ဥပဒေ(၄)ခုရှိကြောင်း၊ ယင်းဥပဒေများမှာ တီထွင်မှုပိုင်ဆိုင်ခွင့်ဥပဒေ (Patent Law)၊ စက်မှုဒီဇိုင်းဥပဒေ (Industrial Design Law)၊ ကုန်အမှတ်တံဆိပ်နှင့် ဝန်ဆောင်မှုအမှတ်တံဆိပ်ဥပဒေ(Trademarks and Service Marks Law) နှင့် မူပိုင်ခွင့်ဥပဒေ (Copyright Law) တို့ပင်ဖြစ်ကြောင်း၊ ယင်းဥပဒေများကို သက်ဆိုင်ရာတာဝန်ရှိသူများက ရေးဆွဲခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူပိုင်ခွင့်ဥပဒေများ အသစ်ပြဋ္ဌာန်းရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ယနေ့ သတင်းအညွှန်း


သရုပ်ဆောင်လောကသို့ ခြေဦးလှည့်တော့မည့် ဆွန်နာအန်။

နိုင်ငံတကာအနုပညာရပ်ဝန်း စာမျက်နှာ - ၃



မိခင်ကြယ်ဂြိုဟ်၏ အပူရှိန်ကြောင့် နှစ်သန်း ၁၀၀ အတွင်း ဂြိုဟ်တစ်စင်း ပျောက်ကွယ်နိုင်။

နိုင်ငံတကာသတင်း စာမျက်နှာ - ၄



မန်စီးတီးတိုက်စစ်မှူး အဒီဘာယော စပါးအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုရေး ဆွေးနွေးလျက်ရှိ။

နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀


ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။